# အသည်းယောင်အသားဝါ အေ ကာကွယ်ဆေး

## သိသင့်သည့်အရာများ

### ၁။ အသည်းယောင်အသားဝါ အေ ဆိုတာ ဘာလဲ။

အသည်းယောင်အသားဝါ အေက အသည်းယောင်အသားဝါ အေ ဗိုင်းရပ်စ်ပိုး (အိတ်ချ်အေဗီ H.A.V.) ကြောင့်ဖြစ်တဲ့ ကြီးလေးတဲ့ အသည်းရောဂါပါ။ အသည်းယောင်အသားဝါ အေရှိသူတွေရဲ့ မစင်ထဲမှာ အိတ်ချ်အေဗီပိုး တွေ့ရပါတယ်။ နီးစပ်ရာက ကူးလေ့ရှိပြီး တခါတလေ အိတ်ချ်အေဗီပိုးပါတဲ့ အစာစားရာက (သို့) ရေသောက်ရာက ကူးတတ်ပါတယ်။

အသည်းယောင်အသားဝါ အေကြောင့်။ ။

- "တုပ်ကွေး" အပျော့စားလို ဖျားနာပါတယ်။
- (အသား (သို့) မျက်လုံးတွေ) ဝါပါတယ်။
- ဝမ်းပိုက်အကြီးအကျယ်နာပြီး ဝမ်းလျှောပါတယ်။

အသည်းယောင်အသားဝါ အေ ရှိသူတွေ (၅ ယောက်မှာ ၁ ယောက်အထိ) မကြာခဏ ဆေးရုံတင်ရလေ့ရှိပါတယ်။

တခါတလေ အသည်းယောင်အသားဝါ အေကြောင့် လူ (၁၀၀၀ မှာ ၃ ယောက်က ၅ ယောက်လောက်) သေတတ်ပါတယ်။

အသည်းယောင်အသားဝါ အေ ရှိသူတယောက်ဆီက ရောဂါပိုးတွေက တအိမ်တည်းနေတဲ့ တခြားသူတွေဆီကို အလွယ်တကူ ကူးနိုင်ပါတယ်။

အသည်းယောင်အသားဝါ အေ ကာကွယ်ဆေးက အသည်းယောင်အသားဝါ အေကို ကာကွယ်နိုင်ပါတယ်။

### ၂။ အသည်းယောင်အသားဝါ အေ ကာကွယ်ဆေး ဘယ်သူထိုးရမလဲ။ ဘယ်တော့ထိုးရမလဲ။

ဘယ်သူထိုးရမလဲ။

အောက်ပါတို့လို တချို့လူတွေက အသည်းယောင်အသားဝါ အေ ကာကွယ်ဆေး ပုံမှန်ထိုးရပါမယ်။ ။

- (၁၂လက ၂၃ လအထိ) အသက် ၁ နှစ်ရှိကလေး အားလုံး။
- အမေရိက အလယ်ပိုင်း၊ တောင်အမေရိက၊ မက္ကဆီကို၊ (ဂျပန်ကလွဲပြီး) အာရှ၊ အာဖရိက၊ အရှေ့ဥရောပတို့က နေရာတွေလို အသည်းယောင်အသားဝါ အေ ပွားများမှု မြင့်မားရာက အတော်အတန်ရှိတဲ့ နေရာတွေကို ခရီးသွားရတဲ့ (သို့) အလုပ်လုပ်ရတဲ့ အသက် ၁နှစ်အထက် ရှိသူတွေ။ ထပ်မံအချက်အလက်ရယူချင်ရင် **www.cdc.gov/travel** မှာကြည့်ပါ။
- ရောဂါဖြစ်ပွားမှုများလို့ ကာကွယ်ဆေးပုံမှန်ထိုးပေးနေတဲ့ ပြည်နယ်တွေ (သို့) အသိုင်းအဝိုင်းတွေမှာ နေတဲ့ကလေးတွေနဲ့ အသက် ၁၈ နှစ်အထိ ဆယ်ကျော်သက်တွေ။
- ယောက်ျားချင်း လိင်ဆက်ဆံသူတွေ။
- မူးယစ်ဆေးဝါး သုံးစွဲသူတွေ။
- အသည်းရောဂါ နာတာရှည်ဖြစ်ပွားနေသူတွေ။
- သွေးခဲစေတဲ့ဆေးပြင်းပြင်းတွေနဲ့ ကုနေရသူတွေ။
- အိတ်ချ်အေဗီရောဂါပိုးကူးစက်နေတဲ့ အဆင့်မြင့်နို့တိုက်သတ္တဝါတွေနဲ့ အလုပ်လုပ်သူတွေ (သို့) သုတေသနဓာတ်ခွဲခန်းတွေမှာ အိတ်ချ်အေဗီ ကိုင်တွယ်လုပ်ကိုင်သူတွေ။

တခြားလူတွေလည်း အထူးအခြေအနေတွေမှာ အသည်းယောင်အသားဝါ အေ ရောဂါ ကာကွယ်ဆေး ထိုးချင်ထိုးပါမယ်။ ။

- အသည်းယောင်အသားဝါ အေ ရောဂါ ပေါ်ပေါက်နေတဲ့ အသိုင်းအဝိုင်းတွေထဲက ကလေးသူငယ်တွေ (သို့) ဆယ်ကျော် သက်တွေကို အသည်းယောင်အသားဝါ အေ ကာကွယ်ဆေးထိုးဖို့ အကြံပြုနိုင်ပါတယ်။

*အသက် ၁နှစ်အောက်ကလေးတွေအတွက် အသည်းယောင် အသားဝါအေ ကာကွယ်ဆေးထိုးဖို့ လိုင်စင်မရှိပါဘူး။*

ဘယ်တော့ထိုးရမလဲ။

ကလေးတွေအတွက် အသက် ၁၂ လက ၂၃ သုံးလအထိ ပထမဆုံးအကြိမ် ထိုးပေးရပါမယ်။ ဆေးမထိုးရသေးတဲ့ အသက် ၂ နှစ်အောက် ကလေးတွေကို နောက်တခါဆေးခန်းသွားတဲ့အခါကျမှ ထိုးပေးနိုင်ပါတယ်။

ခရီးသွားသူတွေအတွက် အကောင်းဆုံးကာကွယ်ပေးနိုင်ဖို့ ခရီးမသွားခင် အနည်းဆုံး တလအလိုမှာ ကာကွယ်ဆေး စထိုးရပါမယ်။

| |
|---|
| ခရီးမသွားခင် ရက် ၃၀ အောက်ပိုင်းအလိုမှ ကာကွယ်ဆေး ထိုးသူတွေကလည်း အင်မျူနိဂလိုဗျူလင် (အိုင်ဂျီ I.G.) လို့ခေါ်တဲ့ ထိုးဆေး ထိုးနိုင်ပါတယ်။ အိုင်ဂျီက ယာယီကာကွယ်မှု ချက်ချင်း ပေးနိုင်ပါတယ်။ |

ကျန်လူတွေအတွက် ရောဂါပိုးကူးစက်ဖို့ အန္တရာယ်ရှိတဲ့အခါတိုင်း အသည်းယောင် အသားဝါအေ ကာကွယ်ဆေးတွေကို စထိုးနိုင်ပါတယ်။

ကာကွယ်မှု တာရှည်ခံဖို့ ကာကွယ်ဆေး နှစ်ခါထိုးဖို့ လိုပါတယ်။ ဒီဆေးတွေကို အနည်းဆုံး ၆ လခြားပြီး ထိုးရပါမယ်။

အသည်းယောင်အသားဝါ အေ ကာကွယ်ဆေးကို တခြား ကာကွယ်ဆေးတွေနဲ့အတူ တပြိုင်နက် ထိုးပေးနိုင်ပါတယ်။

## ၃။ တချို့လူတွေက အသည်းယောင် အသားဝါ အေ ကာကွယ်ဆေး မထိုးသင့်ပါဘူး။ (သို့) စောင့်ရပါမယ်။

- အသည်းယောင်အသားဝါ အေ ကာကွယ်ဆေး အရင်ထိုးတုန်းက မတဲ့တာ အကြီးအကျယ် (အသက်အန္တရာယ်ရှိလုနီး) ဖြစ်ဖူးရင် ထပ် မထိုးသင့်ပါဘူး။
- ကာကွယ်ဆေးထဲက တခုခုနဲ့မတဲ့တာ အကြီးအကျယ် (အသက်အန္တရာယ်ရှိလုနီး) ဖြစ်ရင် ဆေးမထိုးသင့်ပါဘူး။ အကြီးအကျယ် မတဲ့ရင် ဆရာဝန်ကိုပြောပါ။ အသည်းယောင်အသားဝါ အေ ကာကွယ်ဆေးတွေ အားလုံးမှာ အလမ်(alum)ပါပြီး တချို့မှာ ၂–ဖီနော့စီအီသနော (2-phenoxyethanol) ပါပါတယ်။
- ဆေးထိုးချိန်မှာ အတော်အတန် (သို့) အကြီးအကျယ် ဖျားနေရင် နေကောင်းတဲ့အထိစောင့်သင့်ပါတယ်။ ဆရာဝန် (သို့) သူနာပြုကိုမေးပါ။ နည်းနည်းပဲဖျားသူတွေက ကာကွယ်ဆေးထိုးနိုင်လေ့ရှိပါတယ်။
- ကိုယ်ဝန်ရှိရင် ဆရာဝန်ကိုပြောပါ။ ကာကွယ်ဆေးက ကိုယ်ဝန်ဆောင်တွေအတွက် အန္တရာယ်ရှိမရှိ မသိသေးပါဘူး။ ကိုယ်ဝန်ဆောင် (သို့) သန္ဓေသားအတွက် အန္တရာယ်ရှိကြောင်း အထောက်အထားမရှိပါဘူး။ ရှိခဲ့ရင်လည်း အန္တရာယ်နည်းတယ်လို့ ယူဆကြပါတယ်။

## ၄။ အသည်းယောင်အသားဝါ အေ ကာကွယ်ဆေးထိုးရင် ဘယ်လိုအန္တရာယ်တွေ ရှိသလဲ။

ကာကွယ်ဆေးက တခြားဆေးတွေလိုပဲ ဆေးနဲ့မတဲ့တာလိုမျိုး ပြဿနာ အကြီးအကျယ် ဖြစ်နိုင်ပါတယ်။ အသည်းယောင်အသားဝါ အေ ကာကွယ်ဆေးကြောင့် ကြီးမားတဲ့အန္တရာယ် ဖြစ်ဖို့ (သို့) သေဆုံးဖို့ အရမ်းနည်းပါတယ်။

အသည်းယောင်အသားဝါ အေကာကွယ်ဆေးထိုးတာက ရောဂါရတာထက်စာရင် အန္တရာယ် ပိုနည်းပါတယ်။

သေးငယ်သည့်ပြဿနာများ

- (*လူကြီး ၂ ယောက်မှာ ၁ ယောက်နဲ့ ကလေး ၆ ယောက်မှာ ၁ ယောက်လောက်အထိ*) ဆေးထိုးထားတဲ့နေရာမှာ နာတတ်ပါတယ်။
- (*လူကြီး ၆ ယောက်မှာ ၁ ယောက်နဲ့ ကလေး ၂၅ ယောက်မှာ ၁ ယောက်လောက်*) ခေါင်းကိုက်တတ်ပါတယ်။
- (*ကလေး ၁၂ ယောက်မှာ ၁ ယောက်လောက်*) အစားပျက်ပါတယ်။
- (*လူကြီး ၁၄ ယောက်မှာ ၁ ယောက်လောက်*) မောတတ်ပါတယ်။

ဒီပြဿနာတွေဖြစ်ရင် ၁ ရက် ၂ ရက်လောက် ကြာတတ်ပါတယ်။

ကြီးကျယ်သည့်ပြဿနာများ

- ဆေးထိုးပြီး မိနစ်ပိုင်း၊ နာရီပိုင်းအတွင်း ဆေးနဲ့မတဲ့တာ အကြီးအကျယ် ဖြစ်တတ်ပါတယ်။ (*အရမ်းဖြစ်ခဲပါတယ်*)

| Vaccine Information Statement | | |
|---|---|---|
| Hepatitis A (3/21/06) | Burmese | 42 U.S.C. § 300aa-26 |

Translation provided by the Minnesota Department of Health

## ၅။ ဆေးနဲ့မတဲ့တာ အတော်အတန် (သို့) အကြီးအကျယ် ဖြစ်ခဲ့ရင်ရော။

ဘာတွေ သတိထားရမလဲ။

- ကိုယ်အရမ်းပူတာ (သို့) အပြုအမူပြောင်းလဲတာလို ခါတိုင်းနဲ့ မတူတဲ့အခြေအနေတွေသတိထားပါ။ ဆေးနဲ့ အကြီးအကျယ်မတဲ့တဲ့ လက္ခဏာတွေထဲမှာ အသက်ရှူရခက်တာ၊ အသံကွဲတာ (သို့) ရှဲသံမြည်တာ၊ အင်ပြင်ထတာ၊ အသားဖြူဖတ်ဖြူလျော်ဖြစ်တာ၊ အားနည်းတာ၊ ရင်ခုန်မြန်တာ (သို့) ခေါင်းမူးတာတို့ ပါနိုင်ပါတယ်။

ဘာလုပ်ရမလဲ။

- ဆရာဝန်ကို ဖုန်းဆက်ပါ။ (သို့) လူနာကိုဆရာဝန်ဆီချက်ချင်း ခေါ်သွားပါ။
- ဆရာဝန်ကို ဘာဖြစ်လဲ၊ ဖြစ်တဲ့ရက်နဲ့အချိန်၊ ကာကွယ်ဆေးထိုးချိန်တို့ ပြောပြပါ။
- ဆရာဝန်၊ သူနာပြု (သို့) ကျန်းမာရေးဌာနကို ကာကွယ်ဆေးမတဲ့ကြောင်း တင်ပြတဲ့ (VAERS)ပုံစံဖြည့်ပြီး ဆေးနဲ့မတဲ့ကြောင်း တိုင်ကြားခိုင်းပါ။

(သို့) မိမိကိုယ်တိုင် (VAERS) ရဲ့ဝက်ဆိုဒ် www.vaers.hhs.gov ကနေ (သို့) ဖုန်း နံပါတ် ၁–၈၀၀–၈၂၂–၇၉၆၇ ကိုဆက်ပြီး တိုင်နိုင်ပါတယ်။ *(VAERS)က ကျန်းမာရေးဆိုင်ရာအကြံပေးချက်တွေ မလုပ်ပါဘူး။*

## ၆။ ကာကွယ်ဆေးကြောင့်ထိခိုက်မှု နိုင်ငံတော် လျော်ကြေး အစီအစဉ်

သင်(သို့) သင့်ကလေးက ကာကွယ်ဆေးနဲ့ အကြီးအကျယ်မတဲ့တာဖြစ်ရင် အန္တရာယ်သင့်သွားသူတွေကို ကုသမှုအတွက် ကုန်ကျစရိတ်ထောက်ပံ့ပေးဖို့ နိုင်ငံတော်အစီအစဉ်တရပ် ရှိပါတယ်။

ကာကွယ်ဆေးကြောင့်ထိခိုက်မှု နိုင်ငံတော် လျော်ကြေးအစီအစဉ်အကြောင်း အသေးစိတ်သိလိုရင် ၁–၈၀၀–၃၃၈–၂၃၈၂ ကိုဆက်ပါ၊ (သို့) အင်တာနက် စာမျက်နှာ www.hrsa.gov/vaccinecompensation မှာကြည့်ပါ။

## ၇။ အချက်အလက်ပိုသိအောင်ဘယ်လိုလုပ်ရမလဲ။

- ဆရာဝန် (သို့) သူနာပြုကို မေးပါ။ သူတို့က ကာကွယ်ဆေးမှာပါတဲ့ စာရွက်ကလေးပေးနိုင်ပါတယ်။ (သို့) တခြားနေရာကို ညွှန်းနိုင်ပါတယ်။
- ဒေသခံ (သို့) ပြည်နယ် ကျန်းမာရေးဌာနကို ဖုန်းဆက်ပါ။
- ရောဂါထိန်းသိမ်းကာကွယ်ရေးစင်တာ (C.D.C.) တွေကို ဆက်သွယ်ပါ။
- ၁–၈၀၀–၂၃၂–၄၆၃၆ (၁–၈၀၀–C.D.C.-I.N.F.O.) ကို ဖုန်းဆက်ပါ။
- (C.D.C.) ရဲ့ ဝက်ဆိုဒ်တွေ။ ။ www.cdc.gov/hepatitis (သို့) www.cdc.gov/nip တို့မှာကြည့်ပါ။

**DEPARTMENT OF HEALTH AND HUMAN SERVICE**

Center for Disease Control and Prevention
National Immunization Program